**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်ဈေးကွက်သတင်းလွှာ**

July 15, 2024 — Volume 80, Number 11

၁၅.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၄.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၀၀ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြ၍သိရသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၅၂,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်မှာ စိုက်ပျိုးရေးကောက်ရိုးမှိုတွေ လှိုင်လှိုင်ထွက်ရှိနေပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပို့တာများတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ကောက်ရိုးမှိုပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ မှိုတွေကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုအားကောင်းနေပါတယ်။ ပြည်တွင်းစားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်ယူမှုအားကောင်းလာတာဖြစ်ပါတယ်။ ဒေသမှာက ကောက်ရိုးမှိုကို ဆောင်းကာလနဲ့ မိုးကာလမှာ အများဆုံးစိုက်ပျိုးကြပါတယ်။ မှိုအဖူးက အရောင်းအဝယ်ကောင်းပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များကဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။ စိုက်ပျိုးရေးကောက်ရိုးမှိုများကို ဒေသခံစိုက်ပျိုးရေး လုပ်ငန်းရှင်တစ်ဦးလျှင် အရှည်ပေ ၃၀ ရှိ ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါစိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၂,၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်-ကော့သောင်း-ရနောင်း ကုန်သွယ်မှုပုံစံသစ်အတွက် ဒေါ်လာသန်း ၃၀ ကျော် လိုင်စင်ခွင့်ပြုပေးထား

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းသစ်ဖြစ်တဲ့ ရန်ကုန်-ကော့သောင်း-ရနောင်းကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်နဲ့ ကုန်သွယ်မှုအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ဖိုး ပို့ကုန်/သွင်းကုန်လိုင်စင်တွေ ခွင့်ပြုပေးထားပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ဇူလိုင်လ ၈ ရက်အထိ ဒေါ်လာ ၄ သန်းကျော် တန်ဖိုးရှိတဲ့ ပို့ကုန်လိုင်စင် ၁၅ စောင်နဲ့ ဒေါ်လာ ၂၆ သန်းကျော်ဖိုး သွင်းကုန်လိုင်စင် ၅၉၈ စောင် ခွင့်ပြုထားကြောင်း ညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပါတယ်။

နယ်စပ်ကုန်သွယ်မှုပုံစံသစ်မှာ ပထမဆုံးအကြိမ်ပြေးဆွဲတဲ့ MV BEPORE SULTAN သင်္ဘောက သန့်စင်ပြီး ခဲသတ္တု ၉၉ တန်နဲ့ ပြောင်းဆန်တန်ချိန် ၁၃၀၀ တင်ဆောင်ကာ ဇွန်လ ၃၀ ရက်မှာ အလုံဆိပ်ကမ်းကနေ စတင်ထွက်ခွာခဲ့ပြီး ကော့သောင်း ကုန်သွယ်ရေးစခန်းမှာ စစ်ဆေးခံကာ ထိုင်းနိုင်ငံ ရနောင်းမြို့ကို ဇူလိုင်လ ၈ ရက်မှာ ရောက်ရှိခဲ့ပါတယ်။

အဲ့ဒီနောက် ကုန်တွေချကာ ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အချိုရည်တွေကို ပေ ၄၀ ကွန်တိန်နာ ၁၆ လုံး၊ ပေ ၂၀ ကွန်တိန်နာ ၁၉ လုံးနဲ့ သယ်ဆောင်ကာ ဇူလိုင် ၁၀ ရက်နေ့မှာ ပြန်လည်ထွက်ခွာပြီး ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းမှာ အစစ်ခံကာ ရန်ကုန်မြို့ကို ထွက်ခွာလာနေပါတယ်။

Mawlamyine Century Logistics MCL ကလည်း ဒုတိယမြောက်အဖြစ် MCL 4 သင်္ဘောနဲ့ ပြောင်းဆန်၊ သန့်စင်ပြီး ခဲသတ္တု၊ အဝတ်အထည်တွေတင်ဆောင်ပြီး MIPT ဆိပ်ကမ်းကနေ ဇူလိုင်လ ၁ ရက်မှာ စတင်ထွက်ခွာသွားပြီး ၅ ရက်မှာ ကော့သောင်း ဆိပ်ကမ်းမှာ အစစ်ဆေးခံကာ ရနောင်းဆိပ်ကမ်းကို ထွက်ခွာသွားပါတယ်။

အဲဒီနောက် ရနောင်းဆိပ်ကမ်းမှာကုန်ချပြီး သွင်းကုန်တွေပြန်လည်တင်ဆောင်ကာ ဇူလိုင်လ ၁၁ ရက်မှာ ပြန်လည် ထွက်ခွာလာကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောပါတယ်။

MCL အနေနဲ့ MCL 9 ဒုတိယသင်္ဘောကို ဇူလိုင်လ ၁၁ ရက်မှာ ရန်ကုန်ဆိပ်ကမ်းကနေ ပို့ကုန်တွေ ထပ်မံတင်ဆောင်ပြီး ဆက်လက်ထွက်ခွာသွားပါတယ်လို့ ဆိုပါတယ်။

ကွန်တိန်နာပုံစံသစ် ကုန်သွယ်မှုကနေ ပြောင်းဆန်၊ သတ္တုသန့်စင်ရိုင်းနဲ့ CMP ပစ္စည်းတွေ တင်ပို့ပြီး သွင်းကုန်ပိုင်းမှာတော့ နယ်စပ်ကနေ တင်သွင်းခွင့်ပြုထားတဲ့ ကုန်စည်အားလုံးကို တင်သွင်းဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ဆက်လက်ပြီး တော့လည်း ကွန်တိန်နာသင်္ဘောတွေ ထွက်ခွာဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်လို့ ညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပါတယ်။

ရန်ကုန်-ကော့သောင်း-ရနောင်းလမ်းကြောင်းကို မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုအတွက် မြဝတီလမ်းကြောင်းကို အားထားရာကနေ ပြောင်းလဲအသုံးပြုလာရတာပါ။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** စာရင်းတွေအရ ယခုဘဏ္ဍာနှစ် သုံးလအတွင်း မြဝတီစခန်းကနေ ကုန်သွယ်မှု ဒေါ်လာ ၄၈၃ သန်းကျော် လျော့ကျသွားခဲ့ပြီး ကော့သောင်းစခန်းရဲ့ ကုန်သွယ်မှုက ဒေါ်လာ ၄၅ သန်းကျော်၊ မြိတ်စခန်းရဲ့ ကုန်သွယ်မှုက ဒေါ်လာ ၂၆ သန်းကျော် တိုးလာပါတယ်။

**Source: BETV Business**

## အိမ်သုံး LPG ဂတ်စ် တစ်ပိဿာ ၁၀,၀၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်အထိ ဈေးမြင့်တက်

ရန်ကုန်၌ အိမ်သုံး LPG ဂက်စ်များ လိုသလောက်ဝယ်မရဘဲ တစ်ပိဿာ ၁၀,၀၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်အထိ ဈေးမြင့်တက်နေကြောင်း အိမ်သုံးဂတ်စ်ဝယ်ယူသူများထံမှသိရသည်။

“ပြီးခဲ့တစ်ပတ်လောက်ကဝယ်တာ တစ်ပိဿာ ၈၀၀၀ ပေးရတယ်၊ လိုသလောက်ရတယ်။ မနေ့က သွားဝယ်တာ တစ်ပိဿာ ၁၀,၀၀၀ ဖြစ်သွားတယ်။ လိုသလောက်လည်းမရဘူး သုံးပိဿာပဲရတယ်”ဟု အင်းစိန်မြို့နယ်တွင် စားသောက်ဆိုင် ဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှ စတင်ကာ ရန်ကုန်ရှိမြို့နယ်များတွင် အိမ်သုံးဂက်စ်ဝယ်ယူမရ၍ ဆိုင်တချို့ အရောင်းပိတ်ထားရကြောင်း၊ ဂက်စ်ဝယ်ယူ၍ရသည့် ဆိုင်များမှာလည်း အနည်းငယ်သာရှိတော့၍ ဈေးနှုန်းတိုးမြှင့် ရောင်းချမှုများရှိခဲ့ကြောင်း၊ ဂက်စ်လိုအပ်သူများသည် အခြားမြို့နယ်များအထိ သွားရောက်ဝယ်ယူခဲ့ရကြောင်း စားသောက်ဆိုင်များထံမှ သိရသည်။ “ဂက်စ်ဘူးငယ်တောင် တစ်ဘူးကို ၂၀၀၀ ဖြစ်နေပြီ စားသောက်ဆိုင်ဆိုတော့ ဂက်စ်မရှိရင် အဆင်မပြေလို့ရတဲ့ဆိုင်တွေမှာ လိုက်ဝယ်နေရတာ။ ဂက်စ်ဖိုးကလည်း ဈေးတက်သွားတယ်။ ပြီးတော့ အခြားနေရာတွေမှာ လိုက်ဝယ်ရတာဆိုတော့ သယ်ယူစရိတ်လည်း ပိုကုန်တာပေါ့” ဟု ကမာရွတ်မြို့နယ်တွင် စားသောက်ဆိုင်ဖွင့်လှစ်ထားသူတစ်ဦးကပြောသည်။

ယခင်အိမ်သုံး၊ မီးဖိုချောင်သုံး၊ လုပ်ငန်းသုံးဂက်စ်များကို ပင်လယ်ရေကြောင်းနှင့်ယ်စပ်လမ်းကြောင်းများမှ တင်သွင်းလျက်ရှိပြီး နောက်ပိုင်းတွင် နယ်စပ်သွားလာရေးလမ်းကြောင်း ခက်ခဲသည့်အခြေအနေများကြောင့် နယ်စပ်လမ်းကြောင်းမှ တင်သွင်းခြင်းမရှိတော့ဘဲ ပင်လယ်ရေကြောင်းမှတင်သွင်းခြင်းကိုသာ အားထားနေရကြောင်း၊ ရေကြောင်းမှတင်သွင်းသည့် ဂက်စ်မှာလည်း လုံလောက်မှုမရှိသည့်အတွက် ဈေးကွက်ထဲတွင် ဂက်စ်ပြတ်တောက်မှုများရှိနေခြင်းဖြစ်ကြောင်း LPG ဂက်စ်လုပ်ကိုင်များထံမှ သိရသည်။

လက်ရှိ ပြည်တွင်းလိုအပ်သည့် LPG ဂတ်စ်ကို အင်ဒိုနီးရှားနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများထံမှ တင်သွင်းနေပြီး၊ တစ်လလျှင် ဂက်စ်တန်ချိန် ၁၂,၀၀၀ ခန့် တင်သွင်းနေရကြောင်း ဂက်စ်လုပ်ငန်းရှင်များထံမှသိရသည်။

**Source:** https://t.me/sdtimedaily

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၈-၇-၂၀၂၄ မှ ၁၂-၇-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၀၉,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၀၆၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၄၈၂,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၈၃,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၆၃၈,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၃၂,၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၄၅၀၀၊ မြားနီ ကျပ် ၄၀၀၀၊ ပန်းတနော်ရှည် ကျပ် ၃၅၀၀၊ ဆင်ဖြူကျွန်း(ပု) ကျပ် ၁၁၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၀၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၄၀၀ (၄၈,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၀၀၀ (၂၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၆၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၆၄၀၀ နှင့် မန်ကျည်းသီး ရမည်းသင်းဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ပေါ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၄၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၇၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၅၉၅၀၊ ကြံသကာ ကျပ် ၃၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင် (ဒိုး) ကျပ် ၅၀ နှင့် ပခုက္ကူကြမ်း ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၈-၇-၂၀၂၄ မှ ၁၂-၇-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူ နှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၆၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၂၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၁၀၀၊ မုံရွာလတ်သန့် ကျပ် ၂၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၂၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၆ စီး (၅၇၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၄ စီး (၆၂၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၈ စီး (၄၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၀,၆၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၉၆၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀,၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၉၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့် တရုတ်မှ အာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ ဟဲဟိုး OK ကျပ် ၃၃၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၃၀၀ နှင့် တရုတ်အာလူး ကျပ် ၃၉၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း ဟဲဟိုး OK ကျပ် ၂၀၀၊ ဟဲဟိုး S1 ကျပ် ၂၀၀ နှင့် တရုတ်အာလူး ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၂၈ စီး (၁၆၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၇ စီး (၁၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

### မန္တလေးဈေးကွက်အတွင်း ဂျပန်နှမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

မန္တလေးဈေးကွက်အတွင်း ဂျပန်နှမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

ဂျပန်နှမ်းဖြူမှာ လက်ရှိတွင် မန္တလေးဈေးကွက်သို့ သဲတော၊ ဝမ်းတွင်း၊ မြစ်သား၊ ကျောက်ဆည်နယ်တို့မှ ဝင်ရောက်လာကြောင်း၊ မန္တလေးဈေးကွက်အတွင်း ဇူလိုင် ၁၃ ရက် ပေါက်ဈေးအရ ဂျပန်နှမ်းဖြူ သုံးတင်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ ဈေးနှုန်းရရှိနေကြောင်းသိရသည်။

"မန္တလေးဈေးကွက်အတွင်းကို ကျောက်ဆည်ဒေသကနေ ဂျပန်နှမ်းဖြူတွေ ဝင်ရောက်နေပါတယ်။ ဂျပန်နှမ်းဖြူရဲ့ ထူးခြားချက်က ရိုးရိုးနှမ်းဖြူနဲ့စာရင် အရောင်လဲဖြူတယ်၊ အလုံးအဖန်မှာလဲ ပိုထွားတယ်။ ဒါကြောင့် ဂျပန်နှမ်းဖြူက ရောင်းပန်းလှပြီးတော့ ရောင်းတမ်းဝင်နေတာဖြစ်ပါတယ်။ နှမ်းဖြူ၊ နှမ်းဝါ၊ နှမ်းညို၊ နှမ်းနက်၊ ရိုးရိုးနှမ်းဖြူ၊ ဂျပန်နှမ်းဖြူစတဲ့ နှမ်းအမျိုးမျိုးရှိတဲ့အထဲမှာ ဂျပန်နှမ်းဖြူနဲ့ စမုန်နက်နှမ်းတွေကတော့ နှမ်းဈေးကွက်ထဲမှာ ရောင်းအားအကောင်းဆုံးဖြစ်ပါတယ်။

ဂျပန်နှမ်းဖြူထွက်သမျှကို တရုတ်နိုင်ငံဈေးကွက်က ဝယ်ယူနေတာဖြစ်ပါတယ်”ဟု စိုးဝင်းမြင့် ပွဲရုံပိုင်ရှင်ဦးစိုးဝင်းမြင့်က ပြောပြသည်။

နှမ်းသီးနှံကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး ရက် ၁၀၀ အတွင်းပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် မုန်လာဥဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ဟင်းသီးဟင်းရွက်အစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက် မုန်လာဥဖြူများထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါ ဒေသတွင်ထွက်ရှိသည့် မုန်လာဥများ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၄၀၀ မှ ၁၂၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်းသိရသည်။

“ကျောင်းကုန်းမြို့နယ်ကနေ လက်ရှိမုန်လာဥတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုဒေသထွက် မုန်လာဥတွေ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ လက်ရှိဇူလိုင်လ ပထမပတ်ကစတင် အရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်။ အခု မုန်လာဥဈေးကလဲ အနည်းငယ်တက်လာပါတယ်။ ဒေသထွက် မုန်လာဥတွေအပါအဝင် ကုန်စိမ်းအစုံကို အခြားဒေသတွေက ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ကိစ္စတွေအပါအဝင် အစစအရာရာအဆင်ပြေပါတယ်”ဟု ကျောင်းကုန်းမြို့နယ်မှ ဟင်းသီးဟင်းရွက်အစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းကပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများကို အရောင်းအဝယ်ပြုလုပ်နေရသည့်အတွက် ကုန်စိမ်းသည်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူများ ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၂၇,၅၀၀ ထိ ဈေးပေါက်နေကြောင်း ဟင်းသီးဟင်းရွက်အစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ပြောင်းဈေးကွက် အမြင့်ဈေးတွင်ရှိနေ



ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် မြန်မာ့ပြောင်းဈေးကွက် တစ်ပိဿာလျှင် ငွေကျပ် ၁၄၈၀ ခန့် ရရှိနေရာ အမြင့်ဈေးတွင်ရှိနေကြောင်း ပြောင်းလုပ်ငန်းရှင်များထံက သိရသည်။

မြန်မာ့ပြောင်းကို ပထမအများဆုံး တင်ပို့သည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသို့လည်း အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ ပြောင်းတင်သွင်းခွင့်မှာ ဩဂုတ် ၃၀ ရက် ထိသာ နောက်ဆုံးတင်ပို့ရမည်ဖြစ်တာကြောင့် လက်ရှိတင်ပို့နေသည့် ပြောင်းဈေးကွက်မှာ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသို့ တင်ပို့မှုရပ်နားပြီး နောက်မှသာ အိန္ဒိယနှင့်ဖိလစ်ပိုင်နိုင်ငံများသို့

တင်ပို့နိုင်မည်ဖြစ်သည်။ “လက်ရှိ ထိုင်းနိုင်ငံသို့ တင်ပို့သည့်သင်္ဘောများမှာ တန်ချိန် ၂၅၀၀၊ ၂၇၀၀ ပတ်ဝန်းကျင် သင်္ဘောများဖြစ်လို့ ကုန်သည်တစ်ဦးတည်းကတောင် တင်ပို့နိုင်တဲ့ အခြေအနေပါ။ သင်္ဘောက အရေအတွက်နည်းတော့ စောင့်ပြီး တင်ပို့နေရပါတယ်။ လက်ရှိမှာ ထိုင်းက ပြောင်းဝယ်ဈေးကောင်းနေတော့ ပြည်တွင်းမှာ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၄၈၀ ထိ အမြင့်ဈေးရရှိနေတာပါ ” ဟု မြန်မာနိုင်ငံပြောင်း စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ ဦးတိုးကပြောသည်။

မြန်မာ့ပြောင်းတင်ပို့မှုကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့မှုရပ်နားထားပြီး ပင်လယ်ရေကြောင်းကနေ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အိန္ဒိယတို့ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## နယ်စပ်ဂိတ်အားလုံးမှ တင်သွင်းမည့် ရေထွက်ပစ္စည်းများနှင့် ဆက်စပ်ကုန်ပစ္စည်းများကို တစ်ရက်ကြိုတင်ခွင့်ပြုချက်ရှိမှသာ တင်သွင်းခွင့်ရတော့မည်ဟု ထိုင်းနိုင်ငံမှ ကြေငြာချက်ထုတ်ပြန်

နိုင်ငံတစ်ဝန်းရှိ နယ်စပ်ဂိတ်အားလုံးမှ တင်သွင်းလာမည့် ရေထွက်ပစ္စည်းများနှင့်ဆက်စပ်ကုန်ပစ္စည်းများကို အနည်းဆုံး တစ်ရက်ကြိုတင်ခွင့်ပြုချက်ရှိမှသာ တင်သွင်းခွင့်ရတော့မည်ဟု ထိုင်းနိုင်ငံမှ ကြေညာချက်ထုတ်ပြန်လိုက်ကြောင်းသိရသည်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှရေထွက်ပစ္စည်းများ ဝယ်ယူတင်သွင်းရာတွင် သက်ဆိုင်ရာ အေးဂျင့်များမှတစ်ဆင့် တင်ပို့လာမည့် ကုန်ပစ္စည်းအမည်နှင့် အရေအတွက်များကို တစ်ရက်ကြိုတင် အကြောင်းကြားထားမှသာလျှင် ဝယ်ယူတော့မည် ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ရေးသားထားသည်။

ထိုင်းနိုင်ငံအနေဖြင့် ကြေညာချက်ထုတ်ပြန်ခြင်းကို ဇူလိုင်လဒုတိယအပတ်တွင် ထုတ်ပြန်လာခြင်းဖြစ်ပြီး ထိုင်းနိုင်ငံရှိ နယ်စပ်ဂိတ်အားလုံးနှင့် သက်ဆိုင်မည်ဖြစ်ကြောင်း သိရသည်။ “လက်ရှိ ပြန်လည်ဖြေလျှော့ပေးထားတဲ့ ရေထွက်ပစ္စည်း ၁၀ မျိုးကိုလည်း ပုံမှန်အတိုင်း တင်ပို့နိုင်မယ်၊ အခုကြေညာချက်က ဘန်ကောက်မှာရှိတဲ့ ရုံးချုပ်ကထုတ်ပြန်တာဖြစ်ပြီး မြန်မာနိုင်ငံနှင့် ထိစပ်ပြီး ကုန်သွယ်မှုပြုလုပ်နေတဲ့ နယ်စပ်ဂိတ်အားလုံးနှင့် သက်ဆိုင်ပါတယ်၊ တနင်္သာရီတိုင်းဒေသကြီးကထွက်ရှိတဲ့ ရေထွက်ပစ္စည်းတွေကို တင်ပို့တဲ့အခါမှာလည်း အဲဒီအကြောင်းကြားစာမှာပါတဲ့အတိုင်း လိုက်နာရမယ်”လို့ မြိတ်မှ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ငါးဖမ်းသင်္ဘောများ၊ ရေထွက်ပစ္စည်းများနှင့် ဆက်စပ်ကုန်ပစ္စည်းများ စစ်ဆေးရေးဌာနညွှန်ကြားရေးမှူးမှ ၂၀၁၇ ခုနှစ်၊ ရေထွက်ပစ္စည်းများနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်ပါပုဒ်မ (၉၂) အပိုဒ် (၄) ပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားသည့် အခွင့်အာဏာကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေတွင်ပါဝင်သော ရေထွက်ပစ္စည်းများနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများ၏ နောက်ကြောင်းပြန် စစ်ဆေးနိုင်မည့် စနစ်အရ ထိုင်းနိုင်ငံအတွင်း ဝင်ရောက်လာသည့်ကုန်စည်များမှာ ဥပဒေနှင့်အညီဟုတ်မဟုတ်၊ တရားမဝင်ငါးဖမ်းဆီးမှု တားဆီးရေး၊ ရေထွက်ပစ္စည်းရရှိလာမှုလမ်းကြောင်းနှင့် ဖမ်းဆီးရရှိမှုတည်နေရာများကို တိကျစွာဖော်ပြထားရန်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များအတိုင်း တိကျစွာလိုက်နာရန် ထိုင်းနိုင်ငံ၊ နယ်စပ်စစ်ဆေးရေး ဂိတ်များအားလုံးကိုလည်း ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

သက်ဆိုင်ရာနယ်စပ်ဒေသ ရေထွက်ပစ္စည်းစစ်ဆေးရေးဂိတ်မှူးများသည် အထက်ပါဥပဒေပြဋ္ဌာန်းချက်များအတိုင်း တိတကျစွာလိုက်နာရမည်ဖြစ်ကြောင်း မလိုက်နာပါက ရာဇသတ်ကြီးဥပဒေပြဋ္ဌာန်းချက်ပုဒ်မ ( ၁၅၇ ) အရ အရေးယူခံရမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်းသိရသည်။

အဆိုပါထုတ်ပြန်ချက်ကြောင့် မောတောင်-ဆင်းခွန်နယ်စပ်ဂိတ်မှ ရေထွက်ပစ္စည်းများ အဓိကတင်ပို့နေသည့် မြန်မာကုန်သည်များအနေဖြင့် မိမိတို့တင်ပို့မည့် ကုန်ပစ္စည်းများ၏ အမည်များနှင့် အရေအတွက်များကို ကြိုတင်အကြောင်းကြားပြီးမှ သာလျှင် တင်ပို့ရတော့မည်ဖြစ်ကြောင်းသိရသည်။ ပြုပြင်ထုတ်လုပ်ထားသည့် Value Added/Semi Value Added ကုန်စည်များ (ဥပမာ-ငါးဆားထိုး၊ ကဏန်းချေးပုံး၊ ဆားစိမ်)တွင် Health Certificate (HC) ပါရမည်ဖြစ်ပြီး ကြိုတင်ပေးပို့ရမည့် စာရင်းတွင် ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ ကြေညာချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

**Source:** https://news-eleven.com/

## STOCK EXCHANGE (15.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,500 | 740 | 6,312,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 6,345 | 21,255,750 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 131 | 1,074,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 356 | 597,450 | 29,664,613 | 50,430 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 136 | 368,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 7,205 | 12,248,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,600 | +0 | +0.00% | 3,650 | 3,650 | 3,600 | 19 | 68,900 | 23,804,946 | 85,698 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 12th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.69 | +0.79 | +0.20% | 400.54 | 400.69 | 398.26 | 14,932 | 41,925,000 | 8 | 755,777 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

#### Main Board

As of 1:00 pm, 12th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

| MYANPIX | 400.69 ▲ 0.79 |
|---|---|
| Total Volume (shares) | 14,932 |
| Total Value (MMK) | 42 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,777 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,600 | ▲ 0 |